# သတင်းထုတ်ပြန်ချက်

၁။ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ တောမတ်စ်ကင်တားနားသည် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၃)မှ (၁၉)ရက်နေ့အထိ မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပါသည်။ မြန်မာနိုင်ငံအစိုးရ၏ စီစဉ်ပေးမှုဖြင့် ၎င်းသည် ရန်ကုန်မြို့၊ စစ်တွေမြို့၊ မြစ်ကြီးနားမြို့၊ စစ်ကိုင်းတိုင်းနှင့် နေပြည်တော်တို့တွင် ၎င်းတွေ့ဆုံလိုသော ပုဂ္ဂိုလ်များနှင့် သွားရောက်လိုသော နေရာများသို့ သွားရောက်နိုင်ရန် မြန်မာနိုင်ငံအစိုးရက စီစဉ်ပေးခဲ့ပါသည်။

၂။ မစ္စတာကင်တားနားသည် မြန်မာနိုင်ငံမှ ပြန်လည်မထွက်ခွာမီ ဖေဖော်ဝါရီလ (၁၉)ရက်နေ့ ညနေ (၁၈း၁၅) နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့ရာ ယင်းထုတ်ပြန်ချက်ပါ အချက်အလက်အများစုသည် မြန်မာနိုင်ငံ၏ပကတိအခြေအနေများ၊ အချက်အလက်မှန်များ မဟုတ်ခြင်းကြောင့် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါထုတ်ပြန်ချက်များကို ပြင်းပယ်၍ ပြင်းထန်စွာ ကန့်ကွက်လိုက်သည်။

၃။ ၎င်း စွပ်စွဲပြောကြားချက်များကို မြန်မာနိုင်ငံအနေဖြင့် အောက်ပါအတိုင်း တုံ့ပြန်ချေပသည်-

(က) **နိုင်ငံတော်သမ္မတ၏ စုံစမ်းစစ်ဆေးရေးကော်မရှင်မှ နိုင်ငံတကာစံနှုန်းနှင့် လျော်ညီစွာ စုံစမ်းစစ်ဆေးမှု မပြုနိုင်က ဒူချီးရားတန်းတွင် ဖြစ်ပွားခဲ့သည့် အမှန် တရားအား စစ်ဆေးဖော်ထုတ်ရန် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီကို တိုက်တွန်းမည် ဖြစ်ကြောင်းနှင့် လူ့အခွင့်အရေးချိုးဖောက်သူ မှန်သမျှအား တာဝန်ခံစေရန် ဝေဖန် ပြောကြားချက်။**

**ပြန်လည်တုံ့ပြန်ချက်**

- နိုင်ငံတော်သမ္မတ၏ စုံစမ်းစစ်ဆေးရေးကော်မရှင်မှ စုံစမ်းတွေ့ရှိမှုများအား မထုတ် ပြန်မီ နိုင်ငံတကာစံနှုန်းနှင့်အညီ မဆောင်ရွက်နိုင်ပါက လူ့အခွင့်အရေးကောင်စီ ပါဝင်စစ်ဆေးစေရန် တိုက်တွန်းမည်ဟု ကြိုတင်ဆုံးဖြတ်ချက်ပြုလုပ်ခြင်းသည် အဆိုးမြင် သုံးသပ်ချက် ဖြစ်ကြောင်း၊ လူ့အခွင့်အရေးကောင်စီ ပါဝင်ပတ်သက်ရန် မလိုအပ်ပါကြောင်း၊
- နိုင်ငံတော်သမ္မတသည် လွတ်လပ်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင် ကို ဖွဲ့စည်း ပေးခြင်းဖြစ်သည့်အတွက် နိုင်ငံတကာ စုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်များပါဝင် ပတ်သက်ရန် မလိုအပ်ပါကြောင်း၊ စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်(၁၀)ဦးတွင် လူအများလေးစားသည့် လူ့အသိုက်အဝန်းနှင့် ဘာသာရေးခေါင်းဆောင်များ ပါဝင်ပြီး

နိုင်ငံတော်သမ္မတထံသို့ ယခုနှစ် ဖေဖော်ဝါရီလ ၂၈ရက်တွင် တိုက်ရိုက် အစီရင်ခံမည် ဖြစ်ပါကြောင်း၊

- မစ္စတာကင်တားနားသည် နိုင်ငံတစ်နိုင်ငံမှ ဖြေရှင်းဆောင်ရွက်နေမှုကို ကြိုတင် ဝေဖန်ခြင်းဖြင့် ဝင်ရောက်စွက်ဖက်ခြင်း ဖြစ်သလို လူ့အခွင့်အရေးကောင်စီ ပါဝင် ဆောင်ရွက်စေခြင်းဖြင့် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ ဆုံးဖြတ်ရမည့် တာဝန်အား ဝင်ရောက် စွက်ဖက်ခြင်းဖြစ်ကြောင်း၊

- အထူးအစီရင်ခံစာတင်သွင်းသူအနေဖြင့် အချက်အလက်အသေးစိတ်ရှိပါက ပံ့ပိုး သင့်ကြောင်း၊ မှန်ကန်မှု စိစစ်ခြင်းမရှိသော အချက်အလက်များအပေါ် အခြေခံ၍ အဆိုးမြင် သုံးသပ်ချက်များသည် ရရှိထားပြီးသော လူ့အသိုက်အဝန်းသဟဇာတဖြစ်မှုနှင့် စည်းလုံးညီညွတ်မှုကို ဆိုးကျိုးဖြစ်စေနိုင်ပြီး အကျိုးမရှိပါကြောင်း၊

**(ခ) ရခိုင်ပြည်နယ်တွင် မွတ်ဆလင်များနှင့် ဗုဒ္ဓဘာသာ ရခိုင်များအကြား ခွဲခြားထားကြောင်း၊ လွတ်လပ်စွာ သွားလာခွင့် မရကြောင်း ဝေဖန်ပြောကြားချက်**

**ပြန်လည်တုံ့ပြန်ချက်**

- လူ့အသိုက်အဝန်းနှစ်ခုအကြား လက်ခံယုံကြည်မှုတည်ဆောက်ရန် လုံလောက်သည့် အချိန်လိုအပ်ကြောင်း၊ တစ်ဘက်နှင့် တစ်ဘက် အတူတူနေထိုင်ရန် မည်သူကမျှ ချက်ချင်းတွန်းအားပေး၍ မရကြောင်း၊

- အစိုးရသည် ၂၀၁၂ခုနှစ်၊ ဇွန်လမှစ၍ ရခိုင်ပြည်နယ်အတွင်း ဘာသာရေးနှင့် လူ့အသိုက်အဝန်းခေါင်းဆောင်များနှင့်အတူ ဘာသာရေးချစ်ကြည်ညီညွတ်ရေး ဆိုင်ရာ အပြန်အလှန်ဆွေးနွေးမှုများကိုလည်း စည်းရုံးအားပေးလျက်ရှိကြောင်း၊

- ရခိုင်လူမျိုးမဟုတ်သော လူ့အသိုက်အဝန်းအနေဖြင့် ပြန်လည်နေရာချထားရေး၊ အသက်မွေးဝမ်းကျောင်းမှု၊ လွတ်လပ်စွာ သွားလာခွင့်နှင့် နိုင်ငံသားရရှိမှုနှင့် အခြားအကျိုးများအတွက် ပထမဦးဆုံးလုပ်ငန်းရပ်ဖြစ်သည့် လူဦးရေစိစစ်ရေး လုပ်ငန်းစဉ်အား လက်ခံရန် အထူးလိုအပ်ကြောင်း၊

- အထူးအစီရင်ခံစာတင်သွင်းသူ အနေဖြင့် အဆိုပါ အခြေခံကျသည့် အခက်အခဲ များအား အလေးထားပြောဆိုပါက နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် ပိုမို နားလည် နိုင်မည် ဖြစ်ကြောင်း၊

(ဂ) လူသားချင်းစာနာမှု အကူအညီပေးသူများအပေါ် ရန်ပြုနှောင့်ယှက်မှုများ တိုးပွားလာကြောင်း ဝေဖန်ပြောကြားချက်

ပြန်လည် တုံ့ပြန်ချက်

- ရခိုင်ပြည်နယ်တွင်အစိုးရနှင့် ဒေသအာဏာပိုင်များက လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အေဂျင်စီများမှ အကူအညီလိုအပ်နေသူများအား ပေးနိုင်ရန် အကောင်းဆုံး ပံ့ပိုးဆောင်ရွက်လျက်ရှိကြောင်း၊

- တစ်ဘက်တွင် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အေဂျင်စီများအနေ ဖြင့်လည်း ၎င်းတို့၏ ကူညီမှုများသည် ပွင့်လင်းမြင်သာမှုရှိပြီး တရားမျှတစွာ ဆောင်ရွက်ရန် အထူးအရေးကြီးကြောင်း၊ ပြီးခဲ့သော လများက စစ်တွေ၊ မြောက်ဦး၊ ပေါက်တော၊ မောင်တောနှင့် ဘူးသီးတောင်တို့တွင် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အေဂျင်စီ အချို့ကို ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ဆန္ဒပြ သည့် ဒေသခံများက လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အေဂျင်စီ အချို့၏ ဘက်မလိုက်ဘဲ ဆောင်ရွက်ပါသည် ဆိုသည့်အပေါ် မေးခွန်းထုတ်လျက် ရှိပြီး ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန် တောင်းဆိုခဲ့ကြောင်း၊ အဆိုပါ အေဂျင်စီ များသည် ရခိုင်ပြည်နယ်၏ တည်ငြိမ်အေးချမ်းမှုကို ပျက်စီးစေရန် လှုံ့ဆော်နေသည်ဟု ဒေသခံလူ့အသိုက်အဝန်းက ရှုမြင်ကြောင်း၊

(ဃ) နိုင်ငံရေးအကျဉ်းသားများဖြစ်သော ဒေါက်တာ ထွန်းအောင်၊ ကျော်လှအောင်နှင့် နိုင်ငံတကာမှ အစိုးရမဟုတ်သောအဖွဲ့အစည်းမှ (၃)ဦးအား လွှတ်ပေးရေး၊

ပြန်လည်တုံ့ပြန်ချက်

- ၂၀၁၂ခုနှစ်၊ ဇွန်လတွင် မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်၌ ဖြစ်ပွားခဲ့သော လူ့အသိုက်အဝန်းပဋိပက္ခ၌ ပိုလ်မှူးရွာနှင့် ဝေသာလီရွာတို့တွင် မီးရှို့တိုက်ခိုက် မှုကြောင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းမှ ဒေသခံ ဝန်ထမ်း(၃)ဦး အား ရာဇဝတ်ဆိုင်ရာ ဥပဒေပုဒ်မ(၄၃၆)အရ ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း၊ ၎င်းတို့သည် နိုင်ငံခြားသားမဟုတ်ကြောင်း၊ ၎င်းတို့သည် ယာဉ်မောင်း၊ လုံခြုံရေးဝန်ထမ်းနှင့် စားနပ်ရိက္ခာဖြန့်ဝေသည့် ပြည်တွင်းမှ ဒေသခံနှင့်ဝန်ထမ်းများ အသီးသီး ဖြစ်ကြ ကြောင်း၊

- ထွန်းအောင်သည် ၂၀၁၂ခုနှစ်တွင် ပုဒ်မ ၆(၁)အရ တရားစွဲဆိုခံထားရမှု၊ ပြစ်မှု ဆိုင်ရာ ဥပဒေပုဒ်မ ၁၅၃(က)/၅၀၅(ဂ)အရ အမျိုးသားမှတ်ပုံတင်ခြင်းအား လိမ်ညာ မှတ်ပုံတင်မှုတို့ဖြင့် ပြစ်ဒဏ်ပေးခံထားရခြင်း ဖြစ်ကြောင်း၊

- ကျော်လှအောင်သည် ၂၀၁၃ခုနှစ်၊ ဧပြီလက စစ်တွေ၊ သက်ကယ်ပြင်ရွာ၌ လူဦးရေ စိစစ်ခြင်းလုပ်ငန်းများဆောင်ရွက်နေသော ပြည်သူ့ဝန်ထမ်းများအား တိုက်ခိုက်ရန် လှုံ့ဆော်မှုကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၄၈/၃၃၃/၁၅၀ အရ ဖမ်းဆီးခံထား ရခြင်းဖြစ်ကြောင်း၊

(င) ပြည်တွင်းရေးအား ဝင်ရောက်စွက်ဖက်ခြင်း

ပြန်လည်တုံ့ပြန်ချက်

- ကချင်ပြည်နယ်အတွင်း တပ်မတော်ကထိုးစစ်ဆင်မှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများအား အခြေအမြစ်မရှိ စွပ်စွဲပြောဆိုခြင်းများကို မပြုလုပ်သင့်ကြောင်း၊

- မြန်မာနိုင်ငံအနေနှင့် လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်စေရန် လက်ရှိ အစိုးရ စတင်တာဝန်ယူရသည့် အချိန်မှစ၍ ကျယ်ပြန့်စွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာစာချုပ်များကို မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးရန် ဆောင်ရွက် လျက် ရှိပါကြောင်း၊

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်